ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန
# ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

## အကြမ်းဖက်စစ်ကောင်စီတပ်များကို စစ်ရေးအရ အရေးယူတုန့်ပြန်တိုက်ခိုက်ခဲ့ခြင်းဆိုင်ရာ ထုတ်ပြန် ကြေညာချက် (၉/၂၀၂၁)

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်

(၁၃၈၃ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်)

၁။ ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့သည် အကြမ်းဖက် စစ်ကောင်စီတပ်များအပေါ် စစ်ရေး အရ အရေးယူတုန့်ပြန်တိုက်ခိုက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ "ပျံလွှားအောင်" စစ်ဆင် ရေးအနေဖြင့် အောက်ပါ စစ်ဆင်ရေးလှုပ်ရှားမှု ၃ ခုကို ဆက်လက် ဆောင်ရွက်နိုင်ခဲ့ပါ သည်-

(က) မှော်ဘီမြို့နယ်၊ ရန်ကုန်-ပြည်လမ်းမကြီးပေါ် ရှိ လှည်းဒုတ်ချောင်းမြို့ဝင်ကြေးဂိတ်အနီး တွင် အကြမ်းဖက် စစ်ကောင်စီအဖွဲ့၏ လက်အောက်ရှိ ရန်ကုန်တိုင်းအဆင့် ဝန်ကြီး တစ်ဦး လိုက်ပါလာသော ယာဥ်တန်းအား ဒီဇင်ဘာ ၁၄ ရက်နေ့၊ နေ့လည် ၁ နာရီ ဝန်းကျင်အချိန်၌ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲတိုက်ခိုက်မှု ပြုလုပ် ခဲ့ရာ လုံခြုံရေးလိုက်ပါလာသည့် ရန်သူစစ်သားအချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်း၊

(ခ) ခရမ်းမြို့နယ်ရှိ ဘုရားပျိုရဲစခန်းအား ဒီဇင်ဘာ ၁၆ ရက်နေ့ ည ၇ နာရီခွဲအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ၄၀ မမ ဗုံးသီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အကြမ်း ဖက်စစ်ကောင်စီတပ်သားများ တပ်စွဲထားရာ ခရမ်းမြို့နယ် အားကစားရုံဝန်းအတွင်းသို့ လည်း ည ၉ နာရီခွဲဝန်းကျင်တွင် ၄၀ မမ ဗုံးသီးဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူ တပ်သားအချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်း၊

ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

(ဂ) ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြို့ဦးရိပ်မွန်လမ်းပေါ် ရှိ တောင်မြောက်လမ်းဆုံရဲစခန်း ဝန်းအတွင်း၌ ဒီဇင်ဘာ ၁၆ ရက်နေ့ ည ၇ နာရီခွဲအချိန်ခန့်တွင် "အာဏာသိမ်း ဆန့်ကျင် ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ACPLF)" က ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး အဆိုပါ

နေရာသို့ စစ်ကူရောက်ရှိလာသော အကြမ်းဖက်စစ်သားများကိုပါ ည ၈ နာရီခွဲခန့်တွင် ထပ်မံဖောက်ခွဲတိုက်ခိုက်ခဲ့ရာ သေဆုံးဒဏ်ရာရရှိမှု အချို့ရှိခဲ့ခြင်း၊

၂။ အကြမ်းဖက်စစ်ကောင်စီ၏ လူမဆန်သော လုပ်ရပ်များအပေါ် ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့အနေဖြင့် စစ်ရေးအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေသည့်နည်းတူ ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ လက်တွဲပူးပေါင်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့**